(၃) လုပ်ငန်းဆက်စပ်ဌာနများ ပါဝင်သော တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် တင်သွင်း၊ တင်ပို့ တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းသွားရန်နှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန်။

(၄) တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် တင်သွင်းမှု ကင်းရှင်းပပျောက်ရေးအတွက် လုပ်ငန်းဆက်စပ်ဦးစီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းအဖွဲ့၊ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သွားရန်။

**(ဃ) ခရိုင်/မြို့နယ် တရားမဝင် တင်သွင်း/တင်ပို့ခြင်း တားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီ**

(၁) ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) ခရိုင်/မြို့နယ်အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၃) ခရိုင်/မြို့နယ်အဆင့် ဥပဒေ — အဖွဲ့ဝင်

(၄) ခရိုင်/မြို့နယ်အဆင့် စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(၅) ကိုယ်စားလှယ်တစ်ဦး စားသုံးသူရေးရာနှင့်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၆) ဥက္ကဋ္ဌ ခရိုင်/မြို့နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ — အဖွဲ့ဝင်

(၇) ခရိုင်/မြို့နယ် ဦးစီးမှူးများ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အတွင်းရေးမှူး

**လုပ်ငန်းတာဝန်**

(၁) ခရိုင်/မြို့နယ်များ၏ လက်ရှိဆောင်ရွက်ချက်များအား သက်ဆိုင်သူများအားလုံး (Stake-holder) ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန်။

(၂) ခရိုင်/မြို့နယ်များနှင့်ဆက်စပ်နေသည့် ဝင်/ထွက်ပေါက်များတွင် တရားမဝင် တင်သွင်း/တင်ပို့ခြင်း တားဆီးကာကွယ်ရေးအတွက် လုပ်ငန်းဆက်စပ်ဌာနများ ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

(၃) လုပ်ငန်းဆက်စပ်ဌာနများပါဝင်သော တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် တင်သွင်း၊ တင်ပို့ တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းသွားရန်နှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန်။

(၄) တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် တင်သွင်းမှု ကင်းရှင်းပပျောက်ရေးအတွက် လုပ်ငန်းဆက်စပ်ဦးစီးဌာနများနှင့် ခရိုင်/မြို့နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့၊ ခရိုင်/မြို့နယ်ငါးလုပ်ငန်းအဖွဲ့၊ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သွားရန်။

## (င) အစားအစာဘေးအန္တရာယ်ကင်းရှင်းလုံခြုံမှုဆိုင်ရာလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး (ပျားဖွံ့သု)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူး (ရောဂါ)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရန်ကုန်) | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူး (ရောဂါ)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (မန္တလေး) | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူး (သုကာ)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယညွှန်ကြားရေးမှူး (တိကျန်းမာရေးဓာတ်ခွဲခန်း)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါက်တာအောင်ကျော်မိုး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး (သုထိန်း)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |

**လုပ်ငန်းတာဝန်**

(၁) ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်ရန်အတွက် ပြည်တွင်းထုတ်လုပ်မှုနှင့် အစားအစာဘေးအန္တရာယ် ကင်းရှင်းလုံခြုံမှုကို မြှင့်တင်ရန်။

(၂) မြန်မာနိုင်ငံသားငါးကဏ္ဍစစ်ဆေးရေးအဖွဲ့ (Myanmar Meat Inspection Board) ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ရန်။

(၃) အရည်အသွေးမီ၍ တန်ဖိုးသက်သာသောအစာများ ထုတ်လုပ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်။

(၄) အာဟာရပြည့်ဝသောအသားများ စားသုံးနိုင်ရန် အစားအစာ ဘေးကင်းလုံခြုံသည့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသော အသားများသာ တင်သွင်းခွင့်ပြုနိုင်ရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ရန်။

(၅) ပြည်တွင်း၌ထုတ်လုပ်ရန် အကန့်အသတ်ရှိသည့် ပြည်တွင်းမွေးမြူရေးလုပ်ငန်းအား အထောက်အကူပြုသည့် မိဘမျိုးရိုးတိရစ္ဆာန်၊ မျိုးရည်ခဲချောင်း၊ မွေးမြူရေးလုပ်ငန်းသုံး ဆေးဝါး၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေးတိရစ္ဆာန်အစာများကို ပြည်ပမှ တင်သွင်းရာတွင် ထိုက်သင့်သော အခွန်ကင်းလွတ်ခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ပေးရန်။

(၆) နယ်စပ်ဒေသများတွင် ခါတ်ခွဲခန်းများ အဆင့်မြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်။

## (စ) မွေးမြူရေးခြံများ၊ စက်ရုံများ စံချိန်စံညွှန်းဆိုင်ရာ လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဒုတိယညွှန်ကြားရေးမှူးချုပ် (မွေးမြူရေး)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး (ကုန်သွယ်စီးပွား)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး (မွေးဇုန်)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | နေပြည်တော်/တိုင်းဒေသကြီး ပြည်နယ်ဦးစီးမှူးများ<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူး (ကျေးလက်)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယညွှန်ကြားရေးမှူး (လေ့ကျင့်)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယညွှန်ကြားရေးမှူး (မျိုးမြှင့်)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး (တိကျန်းဖွံ့)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၉) | ညွှန်ကြားရေးမှူး (ပျားလုပ်ငန်း/ပျားထွက်)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

## လုပ်ငန်းတာဝန်

(၁) ခေတ်မီတိရစ္ဆာန်အစာစက်ရုံများ၊ ခေတ်မီမွေးမြူရေးခြံများ တိုးတက်တည်ထောင်ရေး အတွက် ကူညီဆောင်ရွက်ပေးရန်။

(၂) နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီပြီး ဒေသအတွင်း လိုက်လျောညီထွေဖြစ်မည့် GAHP၊ GMP စံနှုန်းများ ရေးဆွဲဖြန့်ဝေရန်။

(၃) မွေးမြူရေးခြံများ၊ မွေးမြူရေးဆိုင်ရာ စက်ရုံများကို ဌာနမှသတ်မှတ်ထားသော မွေးမြူရေး လုပ်ငန်းကျင့်စဉ် GAHP ၊ GMP များနှင့် ကိုက်ညီပါက အသိအမှတ်ပြုလက်မှတ် (Certificate) ထုတ်ပေးရန်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

**၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေနှင့်**
**၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းထားသော**
**အထူးကုမ္ပဏီများအဖြစ်မှ**
**၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းထားသော**
**ကုမ္ပဏီများအဖြစ်သို့ ပြောင်းလဲခြင်း**

၁။ ယခင်ကုန်သွယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇/၁၉၉၀ (၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၉ ) ဖြင့် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေနှင့် ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေတို့နှင့်အညီ အထူးကုမ္ပဏီအဖြစ် ဖွဲ့စည်းပေးခဲ့သော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (Myanma Economic Holdings Ltd.) အား ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းထားသောကုမ္ပဏီအဖြစ်သို့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၆) ဖြင့် ပြောင်းလဲခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ အစုရှယ်ယာပါဝင်သော အောက်ပါကုမ္ပဏီများအားလည်း ၁၉၅၀ ပြည့်နှစ်၊အထူးကုမ္ပဏီအက်ဥပဒေနှင့် ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းထားသော ကုမ္ပဏီများအဖြစ်မှ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းထားသော ကုမ္ပဏီများအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခွင့်ပြုလိုက်သည် -

(က) Myawaddy Trading Ltd.
မြဝတီထရေးဒင်း လီမိတက်

(ခ) Adipati Agricultural Products Trading Co., Ltd.
အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လီမိတက်

(ဂ) Myanmar Imperial Jade Co., Ltd.
မြန်မာအင်ပီးရီးရယ်ဂျိတ် (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်

(ဃ) Ngwe Pinlae Livestock Breedings & Fisheries Co., Ltd.
ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်း ကုမ္ပဏီလီမိတက်

(င) Myanmar Ruby Enterprise (Gems & Jewellery) Co., Ltd.
မြန်မာရူဘီ အင်တာပရိုက်စ် (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်

(စ) Shwe Gandamar International Trading Ltd.
ရွှေဂန္ဓမာအင်တာနေရှင်နယ် ထရေးဒင်းလီမိတက်

(ဆ) Mani Bawga Co., Ltd.
မဏိဘောဂ ကုမ္ပဏီလီမိတက်

(ဇ) Myawaddy Bank Ltd.
မြဝတီဘဏ် လီမိတက်

(စျ) Bandoola Transportation Co., Ltd.
ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်

(ည) Myanmar Land and Development Ltd.
မြန်မာလင်း (န်) အင် (န်) ဒဗလော့ (ပ်) မင့် (တ်) လီမိတက်

(ဋ) Lann Pyi Marine Co., Ltd.
လန်းပြီပင်လယ်ရေကြောင်း ကုမ္ပဏီလီမိတက်

(ဌ) Nawadae Hotel And Tourism Ltd.
နဝဒေးဟိုတယ်နှင့်ခရီးသွားလုပ်ငန်း လီမိတက်

(ဍ) Myanmar Five Star Line Co., Ltd.
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်

(ဎ) Myawaddy Agricultural Services Co., Ltd.
မြဝတီစိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်

(ဏ) Aung Thitsa Oo Insurance Co., Ltd.
အောင်သစ္စာဦးအာမခံ ကုမ္ပဏီလီမိတက်

(တ) Myawaddy Travels and Tours Co., Ltd.
မြဝတီထရားဗဲ (လ်စ်) အင် (န်) တိုး (စ်) ကုမ္ပဏီလီမိတက်

(ထ) Berger Paint Manufacturing Ltd.
ဘာဂျာပိန့် (စ်) မန်နူဖက်ချားရင်း လီမိတက်

(ဒ) Myanmar Rubber Wood Co., Ltd.
မြန်မာရာဘာဝုဒ် ကုမ္ပဏီလီမိတက်

(ဓ) Hanthawaddy Golf and Country Club Ltd.
ဟံသာဝတီဂေါက်ကွင်းနှင့် မြို့တော်အသင်းလီမိတက်

(န) Myanmar Inno Line Co., Ltd.
မြန်မာအင်နိုလိုင်း ကုမ္ပဏီလီမိတက်

(ပ) Myanmar Brewery Ltd.
မြန်မာဘီယာလုပ်ငန်း လီမိတက်

(ဖ) Virginia Tobacco Co., Ltd.
ဗားဂျီးနီးယားတိုဘက်ကိုး ကုမ္ပဏီလီမိတက်

(ဗ) Myanmar POSCO Steel Co., Ltd.
မြန်မာပို (စ်) ကိုစတီး (လ်) ကုမ္ပဏီလီမိတက်

(ဘ) Myanmar POSCO C & C Co., Ltd.
မြန်မာ-ပေါ်စကို စီအင်(န်)စီ ကုမ္ပဏီလီမိတက်

(မ) Myanmar Wise-Pacific Apparel Yangon Co., Ltd.
မြန်မာဝိုက်-ပစိဖိတ်အဲ့ပရဲ (လ်) ရန်ကုန် ကုမ္ပဏီလီမိတက်

(ယ) Myanmar Inno International Co., Ltd.
မြန်မာအင်နိုအင်တာနေရှင်နယ် (လ်) ကုမ္ပဏီလီမိတက်

(ရ) The First Automotive Co., Ltd.
သည်ဖတ် (စ်) အော်တိုမိုတစ် (ဗ်) ကုမ္ပဏီလီမိတက်

(လ) Sinminn Cement Industry Co., Ltd.
ဆင်မင်းဘိလပ်မြေစက်မှုလက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်

(ဝ) Rammar Automobile Manufacturing & Trading Co., Ltd.
ရမ္မာမော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေး ကုမ္ပဏီလီမိတက်

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၁၅၇/၂၀၁၆

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

### လုပ်ငန်းကော်မတီ (Working Group Committee) ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကိစ္စရပ်များအတွက် ဥရောပသမဂ္ဂ (European Union) မှ ယူရို ၁၆၅ သန်းအား ထောက်ပံ့မည်ဖြစ်ပါသည်။ ၎င်းထောက်ပံ့ငွေအား နိုင်ငံတော်/ကဏ္ဍအလိုက် မူဝါဒများနှင့် ပြုပြင်ပြောင်းလဲရေးများ၊ ပြည်သူ့မူဝါဒများ၊ တည်ငြိမ်သော မက်ခရိုစီးပွားရေးမူဘောင်၊ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု၊ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုနှင့် စောင့်ကြည့်ထိန်းသိမ်းမှုစသည့် စံသတ်မှတ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်ချက်အပေါ် မူတည်၍ ပေးအပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါထောက်ပံ့ငွေ ယူရို ၁၆၅ သန်းအနက် ယူရို ၁၅၀ သန်းအား နိုင်ငံတော်၏ဘတ်ဂျက်သို့ ထောက်ပံ့ပေးမည်ဖြစ်ပြီး ကျန် ယူရို ၁၅ သန်းအား ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု (Public Financial Management - PFM) အား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဌာနများသို့ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ သို့ပါ၍ ဥရောပသမဂ္ဂ (European Union) ထောက်ပံ့ငွေဖြင့် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အဆင်ပြေချောမွေ့စေရန် လုပ်ငန်းကော်မတီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
ငွေတိုက်ဦးစီးဌာန

(ခ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဂ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဝန်ကြီးရုံး၊ ပညာရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဝန်ကြီးရုံး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

| | | |
|---|---|---|
| (စ) | ညွှန်ကြားရေးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (EITI) | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (Budget Transparency) | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (PFM) | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>ငွေတိုက်ဦးစီးဌာန | အတွင်းရေးမှူး |

၃။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) EU ထောက်ပံ့ငွေ ယူရို ၁၅၀ သန်းအား EU မှ သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ခ) EU နှင့် မြန်မာနိုင်ငံတို့အကြား သဘောတူထားသည့် ယေဘုယျအခြေအနေ (General Conditions) ပါ အချက်အလက်များအတိုင်း သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်မှု ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုရန်၊

(ဂ) EU နှင့် မြန်မာနိုင်ငံတို့အကြား သဘောတူထားသည့် တိကျသေချာသော အခြေအနေ (Specific Conditions) ပါ အချက်အလက်များအတိုင်း သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်နိုင်မှု ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုရန်နှင့် တိုးတက်မှုနှောင့်နှေးပါက ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များကို အကြံပြုရန်၊

(ဃ) EU မှ ပံ့ပိုးပေးထားသည့် နည်းပညာအကူအညီများအပေါ် စီမံကိန်းအကောင်အထည်ဖော်မှုနှင့် ကိုက်ညီမှုရှိစေမည့် လုပ်ဆောင်ချက်များအား အကြံပြုရန်၊

(င) ဥရောပသမဂ္ဂ (European Union)၊ မြန်မာနိုင်ငံအစိုးရနှင့် အစီအစဉ်တွင်ပါဝင်သည့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်ဆွေးနွေးနိုင်ရေးတို့အတွက် ပံ့ပိုးပေးရန်၊

(စ) EU နှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုရန်။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၃)၊ ပုဒ်မ ၅ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဝန်ကြီး<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန<br>(တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး) | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ် (၁) ဦး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ် (၁) ဦး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ် (၁) ဦး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

(ပ) ညွှန်ကြားရေးမှူးချုပ် (၁) ဦး အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဖ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ပတ်သက်၍ **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**မှ ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများ ရေးဆွဲသတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ပြည်တွင်းအကူအညီများကို စီမံခန့်ခွဲခြင်းနှင့် **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**မှ တာဝန်ပေးအပ်ပါက ပြည်ပအကူအညီများကိုပါ စီမံခန့်ခွဲဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လူထုပညာပေးအစီအစဉ်များနှင့် လုပ်ငန်းစဉ်များတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်လာစေရေး စီမံဆောင်ရွက်ရန်၊

(ဃ) သဘာဝဘေးကြိုတင်ခန့်မှန်းခြင်းစနစ်နှင့် ကြိုတင်သတိပေးမှုစနစ် ထူထောင်ရေး၊ ကြိုတင်သတိပေးစနစ်မှ သတိပေးချက်ရရှိလာချိန်တွင် အချိန်မီအောက်ခြေအထိ ဆက်လက်အသိပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊

(င) သဘာဝဘေးအရွယ်အစားအရ လုပ်ငန်းစဉ်အလိုက် ပါဝင်ဆောင်ရွက်ပေးရမည့် ဌာနများ၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(စ) လုပ်ငန်းကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် ကူညီပံ့ပိုးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ဖြင့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းအရှိန်အဟုန်ကို မြှင့်တင်ရန်၊

(ဆ) သဘာဝဘေးကြုံတွေ့ချိန်တွင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်း ဆောင်ရွက်မှုများ၌ အမျိုးသားကော်မတီရုံးအဖြစ် တာဝန်ယူဆောင်ရွက်ရန်၊

(ဇ) သဘာဝဘေးစီမံခန့်ခွဲမှုစက်ဝန်းပါ လုပ်ငန်းကဏ္ဍများအလိုက် လိုအပ်သော ဥပဒေများ၊ စီမံချက်များ၊ လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် ဗဟိုချက်အဖြစ် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပံ့ပိုးကူညီခြင်းတို့ဖြင့် တာဝန်ယူဆောင်ရွက်ရန်၊

(ဈ) နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတိုင်းတွင် သဘာဝဘေးလျော့ပါးရေးအစီအမံများပါဝင်ရေး၊ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(ည) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖြစ်ပွားလေ့ရှိသောဘေးအမျိုးအစား၊ ဖြစ်ပွားလေ့ရှိသောအချိန်ကာလ၊ ဒေသ၏အရင်းအမြစ်နှင့် ဒေသလိုအပ်ချက်များပေါ်မူတည်၍ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်များ၊ လုပ်ငန်းအစီအမံများရေးဆွဲရာတွင် လိုအပ်သော နည်းပညာ၊ ကျွမ်းကျင်မှု၊ ငွေကြေး၊ ပစ္စည်းစသည့် အရင်းအမြစ်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန်၊

(ဋ) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေးအတွက် နည်းပညာ၊ ပစ္စည်းကိရိယာ၊ ငွေကြေးစသော အရင်းအမြစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လုပ်ငန်းကော်မတီများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပံ့ပိုးဆောင်ရွက်ပေးရန်၊

(ဎ) ဘေးဖြစ်ပွားမှုနှင့် ထိခိုက်ဆုံးရှုံးမှုအတိုင်းအတာအလိုက် အမျိုးသားကော်မတီရုံး ဖွင့်လှစ် လုပ်ငန်းဆောင်ရွက်နိုင်ရေး၊ ရှေ့တန်းကွပ်ကဲမှုစခန်းများ ဖွင့်လှစ်နိုင်ရေးတို့အတွက် စီမံချက် ရေးဆွဲဆောင်ရွက်ရန်၊

(ဍ) သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတကာနည်းပညာများ စဉ်ဆက်မပြတ်ရရှိစေရန်အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းနှင့် ပြည်တွင်း၊ ပြည်ပ သင်တန်းကျောင်းများ၊ တက္ကသိုလ်များ၊ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး စီမံ ဆောင်ရွက်ရန်၊

(ဎ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ် ပြင်ဆင်ဆောင်ရွက်ရန်၊

(ဏ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(တ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ဒေသတွင်းနှင့်နိုင်ငံတကာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို တာဝန်ယူ ဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၃)၊ ပုဒ်မ ၅ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် **“နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ”** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စျ) ညွှန်ကြားရေးမှူးချုပ် သံတမန်ရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဋ) ဒုတိယညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဌ) အမြဲတမ်းအတွင်းဝန် နိုင်ငံခြားရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(ဍ) ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သဘာဝဘေးအန္တရာယ်ကျရောက်သည်နှင့် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများအားလုံးနှင့် ပြည်တွင်းရှိ နိုင်ငံခြားသံရုံးများအား ချက်ချင်း အသိပေး၍ သတင်းထုတ်ပြန်ခြင်း၊ အကူအညီအထောက်အပံ့များ တောင်းခံရယူခြင်းများကို ဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လျော့ပါးစေရေး၊ ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတကာအသိုက်အဝန်းမှ အကူအညီများရရှိအောင် ကြိုတင် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဂ) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးနှင့် ဆက်နွှယ်သည့်ကုလသမဂ္ဂ၊ အာဆီယံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတကာမှ နိုင်ငံအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ အလှူရှင် များ၏ ကူညီပံ့ပိုးသော အထောက်အပံ့ပစ္စည်းများအား သဘာဝဘေးသင့်ဒေသများသို့ ထိရောက်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်၊

(င) ပြည်ဝင်ဗီဇာထုတ်ပေးနိုင်ရေး၊ လေဆိပ်တွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး၊ လေယာဉ် ဖြတ်သန်းခွင့်၊ ဆင်းသက်ရပ်နားခွင့်ရရှိရေး၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့မှတစ်ဆင့် ဝင်ရောက်လာသည့်အခါ အခွန်ကင်းလွတ်ခွင့်ရရှိရေးတို့ အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(စ) အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာ သဘာဝဘေးအတွေ့အကြုံဖလှယ်မှုများမှတစ်ဆင့် မြန်မာနိုင်ငံအတွက် လိုအပ်သောပြင်ဆင်ဆောင်ရွက်မှု၊ ပညာပေးမှု၊ ပြန်လည်ထူထောင်ပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အခါအားလျော်စွာ သုံးသပ်အကြံပြုသွားရန်၊

(ဆ) ပြည်ပရောက် သဘာဝဘေးသင့် မြန်မာနိုင်ငံသားများအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဇ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလအချိန်အခါနှင့် လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဈ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ည) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို အခြားလုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေး လျော့ပါးရေးဆိုင်ရာ အသိပညာပေးအစီအစဉ်များ ထုတ်လွှင့်ပေးခြင်း၊ ကြိုတင်သတိပေးစနစ်ဆိုင်ရာ သတင်းထုတ်ပြန်ချက်များ၊ သတိပေးချက်များ၊ ကြေညာချက်များကို ပြည်သူလူထုထံသို့ ရောက်ရှိနိုင်သမျှ နည်းလမ်းများသုံး၍ ထုတ်ပြန်ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ ထုတ်လွှင့်ပြန်ကြားပေးခြင်းစသော သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၃)၊ ပုဒ်မ ၅ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် **"သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ဦးဆောင်ညွှန်ကြားရေးမှူး အတွင်းရေးမှူး
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

၂။ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပုံမှန်အချိန်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးအစီအစဉ်များကို မီဒီယာနည်းလမ်းများ အသုံးပြု၍ ပြည်သူလူထုအသိပညာရရှိစေရေး ဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ အသိပညာပေး အစီအစဉ်များ ထုတ်လွှင့်ပြခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီများ၊ UN, INGOs, NGOs အဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်း များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးအမျိုးအစားအလိုက် ကြိုတင်သတိပေးကွန်ရက်စနစ်များ တည်ဆောက်ထားရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ကြောင်း ကြိုတင်သတင်းရရှိချိန်မှစ၍ သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်များ၊ သတိပေးချက်များ၊ ကြေညာချက်များကို ပြည်သူလူထု ထံသို့ ရောက်ရှိနိုင်သမျှနည်းလမ်းများသုံး၍ ထုတ်ပြန်ဆောင်ရွက်ပေးရန်၊

(င) သဘာဝဘေးကြိုတင်သတိပေးချက် ရရှိချိန်မှစ၍ သဘာဝဘေးမကျရောက်မီ၊ ကျရောက်နေချိန်၊ ကျရောက်ပြီးနောက် ရရှိသောသတင်းအချက်အလက်များကို အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်နှင့် သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ရန်၊

(စ) သဘာဝဘေးကျရောက်သည့်ဒေသများသို့ Mobile Team များစေလွှတ်၍ မြေပြင်သတင်းအချက် အလက်များ ရရှိရေးဆောင်ရွက်ရန်နှင့် သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဖြစ်ပွားပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ကူညီရေးလုပ်ငန်းများ၊ အလှူရှင်များ၏ လှူဒါန်းထောက်ပံ့မှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ နိုင်ငံတကာ အကူအညီများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာဖြင့် စဉ်ဆက်မပြတ် ထုတ်လွှင့်ဖော်ပြပေးရန်၊

(ဇ) နိုင်ငံတော်အဆင့်မှ ဖြေရှင်းဆောင်ရွက်ခဲ့ရသည့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ မှတ်တမ်းတင် ရိုက်ကူးထုတ်လွှင့်နိုင်ရေး ဆောင်ရွက်ရန်၊

(ဈ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ် ပြင်ဆင်ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဋ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ထိရောက်စွာ ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ ဘေးဒဏ်ခုခံကာကွယ်နိုင်စွမ်းမြင့်မားသော လူမှုအသိုက်အဝန်းဖြစ်ပေါ် စေရန်နှင့် ဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးစေရေးစသည်တို့အတွက် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၁၈ ပါ လုပ်ငန်းများကိုဆောင်ရွက်ရန်အလို့ငှာ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၃)၊ ပုဒ်မ ၅ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် **"ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်)<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ **ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ**၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) နိုင်ငံတစ်ဝန်း ဒေသအလိုက် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုဘေးအန္တရာယ်များကြောင့် အိုးအိမ်နှင့်အခြေခံအဆောက်အအုံများ ထိခိုက်ဆုံးရှုံးနိုင်မှုအခြေအနေကို ကြိုတင်လေ့လာဆန်းစစ် ဖော်ထုတ်ထားရန်၊

(ခ) ပျက်စီးဆုံးရှုံးမှုအခြေအနေပေါ်မူတည်၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံချက်များ ကြိုတင်ရေးဆွဲဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ် ဖြစ်ပွားပြီးချိန်တွင် ဘေးသင့်ပြည်သူများ ဘေးကင်းလုံခြုံသည့်နေရာတွင် ယာယီနေထိုင်နိုင်ရေး စီမံဆောင်ရွက်ပေးရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့်နေအိမ်များကို ဘေးကင်းလုံခြုံသည့် သင့်လျော်သောနေရာတွင် သဘာဝဘေးဒဏ်ခံအဆောက်အဦများအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(င) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် လမ်းတံတား၊ အခြေခံအဆောက်အအုံများ၊ မြို့ပြနှင့် အများပိုင်အဆောက်အအုံများကို သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိစွာ ပြန်လည်တည်ဆောက်ပေးရန်၊

(စ) သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသည့် မြို့ရွာများ ပြန်လည်ထူထောင်ရာတွင် မြို့ပြအင်္ဂါရပ်နှင့်ညီစေရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရေးတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊

(ဆ) ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးသင့်ပြည်သူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊

(ဇ) အိုးအိမ်ဆုံးရှုံးသွားသည့် ဘေးသင့်သူများအား ပြန်လည်တည်ဆောက်ပြီးသည့် အဆောက်အဦများတွင် စနစ်တကျ ပြန်လည်နေရာချထားပေးရန်၊

(ဈ) ဘေးသင့်သူများအနက် ကျောင်းသား၊ ကျောင်းသူများ ပညာသင်နှစ်မပျက် ဆက်လက်သင်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန်နှင့် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပေးရန်၊

(ည) ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဋ) အန္တရာယ်ဖြစ်ပွားစေနိုင်သော စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦများ၊ လမ်း၊ တံတားများအတွက် နည်းပညာဆိုင်ရာအကြံပေးခြင်း၊ ကြိုတင်သတိပေးစနစ်ထားရှိရေးနှင့် အရေးပေါ်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်၊

(ဌ) နိုင်ငံတကာအသိုင်းအဝိုင်းမှ ကမ်းလှမ်းလာသည့် လူသားချင်းစာနာမှု အကူအညီများ၊ ရန်ပုံငွေ တောင်းခံဖြည့်ဆည်းမှုများ၊ ပြန်လည်ထူထောင်ရေးအထောက်အပံ့များ၊ ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးစီမံချက်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဍ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဎ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဏ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၆

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် )

## နေပြည်တော် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ဗဟိုဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် **"နေပြည်တော် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>နေပြည်တော်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | တပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | အဖွဲ့ဝင် |
| (င) | ဦးစီးမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်ရုံး)<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(ည) ဦးစီးမှူး အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(ဋ) နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ဌ) နေပြည်တော်ကုသရေးဦးစီးဌာနမှူး အဖွဲ့ဝင်
ကုသရေးဦးစီးဌာန

(ဍ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(ဎ) ဦးစီးဌာနမှူး အဖွဲ့ဝင်
တိုင်းရင်းဆေးပညာဦးစီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(ဏ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ အကောက်ခွန်ဦးစီးဌာန

(တ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ထ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ဒ) ဦးစီးဌာနမှူး အတွင်းရေးမှူး
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(ဓ) ပါမောက္ခ (ဌာနမှူး) တွဲဖက်အတွင်းရေးမှူး
ဓာတုဗေဒဌာန၊ တောင်ငူတက္ကသိုလ်

၂။ နေပြည်တော် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရာတွင် လိုအပ်သောစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်း ရှိ မရှိ သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့ကို စစ်ဆေးစေခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) လိုင်စင်လျှောက်ထားသည့်အခါတွင်လည်းကောင်း၊ လိုင်စင်ရရှိပြီးသည့်အခါတွင်လည်းကောင်း လူ၊ တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ထိခိုက်မှုမဖြစ်ပွားစေရန်ကြိုတင်စီမံကာကွယ်ထားခြင်း ရှိ မရှိ ကို ကြီးကြပ်ရေးအဖွဲ့ကဖြစ်စေ၊ ကြီးကြပ်ရေးအဖွဲ့က စစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်၍ဖြစ်စေ ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) စစ်ဆေးရေးအဖွဲ့မှ တင်ပြလာသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများ၏ အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားမှုအခြေအနေ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(င) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများနှင့်ထိတွေ့၍ အလုပ်လုပ်ကိုင်နေသူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် လိုင်စင်ရရှိသူများက လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲနှင့် ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(စ) သက်ဆိုင်ရာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ စက်ပစ္စည်းကိရိယာများ၏ လုံခြုံစိတ်ချမှုနှင့်ခံနိုင်ရည်ရှိမှုတို့ကို စစ်ဆေးခြင်း၊

(ဆ) လိုင်စင်ရရှိသူများနှင့် အလုပ်လုပ်ကိုင်နေသူများအား သက်ဆိုင်ရာသင်တန်းများကို တက်ရောက်ပြီးသူဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့ထံ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်း၊

(ဈ) ဗဟိုကြီးကြပ်ရေးအဖွဲ့က ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၆

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် )

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ဗဟိုဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့များ"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မီးသတ်ဦးစီးမှူး<br>မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တပ်ဖွဲ့မှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူး<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စစ်ဆေးရေးမှူး<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူးရုံး<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုသရေးဦးစီးဌာနမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာဝန်ခံ<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှူး<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူး<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အကောက်ခွန်ဦးစီးဌာနမှူး<br>အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ကိုယ်စားလှယ်တစ်ဦး<br>စည်ပင်သာယာရေးကော်မတီ (ရန်ကုန်၊ မန္တလေး) | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (န) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | အဖွဲ့ဝင် |

(ပ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ

(ဖ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှူး — အတွင်းရေးမှူး
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

(ဗ) ပါမောက္ခ (ဓာတုဗေဒဌာန) — တွဲဖက်အတွင်းရေးမှူး
သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိတက္ကသိုလ်

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရာတွင် လိုအပ်သော စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်း ရှိ မရှိ သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့ကို စစ်ဆေးစေခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) လိုင်စင်လျှောက်ထားသည့်အခါတွင်လည်းကောင်း၊ လိုင်စင်ရရှိပြီးသည့်အခါတွင်လည်းကောင်း လူ၊ တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ထိခိုက်မှု မဖြစ်ပွားစေရန် ကြိုတင်စီမံကာကွယ်ထားခြင်း ရှိ မရှိ ကို ကြီးကြပ်ရေးအဖွဲ့ကဖြစ်စေ၊ ကြီးကြပ်ရေးအဖွဲ့က စစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်၍ဖြစ်စေ ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) စစ်ဆေးရေးအဖွဲ့မှ တင်ပြလာသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများ၏ အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားမှုအခြေအနေ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(င) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများနှင့်ထိတွေ့၍ အလုပ်လုပ်ကိုင်နေသူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် လိုင်စင်ရရှိသူများက လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲနှင့် ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(စ) သက်ဆိုင်ရာ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ စက်ပစ္စည်းကိရိယာများ၏ လုံခြုံစိတ်ချမှုနှင့် ခံနိုင်ရည်ရှိမှုတို့ကို စစ်ဆေးခြင်း၊

(ဆ) လိုင်စင်ရရှိသူများနှင့် အလုပ်လုပ်ကိုင်နေသူများအား သက်ဆိုင်ရာသင်တန်းများကို တက်ရောက်ပြီးသူဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့ထံ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်း၊

(စျ) ဗဟိုကြီးကြပ်ရေးအဖွဲ့က ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ညွှန်ကြားချက် (၈၅/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ (၃၈)၊ ပုဒ်မခွဲ (ခ) အရ အောက်ပါလုပ်ထုံးလုပ်နည်းများကို အများပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာလိုက်သည် -

**နေပြည်တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ (၁၀)၊ ပုဒ်မခွဲ (ဂ) အရ လုပ်ပိုင်ခွင့်ရှိသည့် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြေနှင့်အဆောက်အဦများအပေါ် ပစ္စည်းခွန် စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

၁။ ဤလုပ်ထုံးလုပ်နည်းများတွင် -

(က) **ကော်မတီ**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ဖွဲ့စည်းသော နေပြည်တော်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ခ) **နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ နေပြည်တော်ကောင်စီ၏ အတည်ပြုချက်ဖြင့် ကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာထားသည့် နယ်နိမိတ်ကို ဆိုသည်။

(ဂ) **လုပ်ထုံးလုပ်နည်းများ**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများကို ဆိုသည်။

(ဃ) **အခွန်**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ စည်းကြပ်သည့် အခွန်အရပ်ရပ်ကို ဆိုသည်။

(င) **အခ**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ဆောင်ရွက်ပေးရခြင်းများအတွက် ကောက်ခံသည့် အခကို ဆိုသည်။ ယင်းစကားရပ်တွင် အကောက်၊ အခနှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(စ) **မြေ**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေ သို့မဟုတ် ယင်း၏ အစိတ်အပိုင်းကို ဆိုသည်။

(ဆ) **အဆောက်အအုံ**ဆိုသည်မှာ မည်သည့်ဆောက်လုပ်ရေးပစ္စည်းဖြင့်မဆို ယာယီ သို့မဟုတ် အမြဲတမ်းဆောက်လုပ်သည့် တိုက်၊ အိမ်၊ တဲ၊ တစ်ဖက်ယပ်၊ အမိုးပါရှိသော အဆောက်အအုံ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်းကို ဆိုသည်။

(ဇ) **ပိုင်ရှင်**ဆိုသည်မှာ မြေ သို့မဟုတ် အဆောက်အအုံကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ကိုယ်တိုင်နေထိုင်သူ သို့မဟုတ် ငှားရမ်းခများကို မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လက်ခံရယူသူကို ဆိုသည်။

(ဈ) **နေထိုင်သူ**ဆိုသည်မှာ အဆောက်အအုံတွင် အမြဲဖြစ်စေ၊ ယာယီဖြစ်စေ နေထိုင်သူကို ဆိုသည်။

(ည) **အသုံးပြုသူ**ဆိုသည်မှာ မြေ သို့မဟုတ် အဆောက်အအုံကို အသုံးပြုနေသည့် ပိုင်ရှင် ငှားရမ်းယူသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူကို ဆိုသည်။

(ဋ) **အခွန်ထမ်း**ဆိုသည်မှာ သက်ဆိုင်ရာပစ္စည်းခွန်ပေးဆောင်သူကို ဆိုသည်။

(ဃ) **ပစ္စည်းခွန်**ဆိုသည်မှာ မြေဖြစ်စေ၊ အဆောက်အအုံဖြစ်စေ၊ မြေနှင့်အဆောက်အအုံဖြစ်စေ ၎င်းတို့၏ နှစ်စဉ်စံငှားရမ်းခတန်ဖိုးအပေါ် သတ်မှတ်သော ရာခိုင်နှုန်းဖြင့် ကောက်ခံသော အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အထွေထွေခွန်၊ မီးခွန်၊ ရေခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်တို့ပါဝင်သည်-

(၁) **အထွေထွေခွန်**ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများ၊ ရေမြောင်းများ၊ ဈေးများ၊ ပန်းခြံများ၊ အားကစားကွင်းစသည်များ တည်ဆောက်ခြင်း၊ ဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် ကုန်ကျစရိတ်များကာမိစေရန် စည်းကြပ်သည့်အခွန်ကို ဆိုသည်။

(၂) **မီးခွန်**ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများတွင် မီးထွန်းပေးခြင်းအတွက် စရိတ်ကျခံနိုင်စေရန် စည်းကြပ်ကောက်ခံသောအခွန်ကို ဆိုသည်။

(၃) **ရေခွန်**ဆိုသည်မှာ ကော်မတီက ရေဖြန့်ဝေပေးခြင်းအတွက် ကောက်ခံသည့်အခွန်ကို ဆိုသည်။

(၄) **အမှိုက်နှင့် အညစ်အကြေးခွန်**ဆိုသည်မှာ အမှိုက်နှင့်အညစ်အကြေးများ စုစည်းသိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းနှင့် မိလ္လာသန့်စင်ခြင်းလုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများရှင်းလင်းခြင်းတို့အတွက် ဆောင်ရွက်ရသည့်စရိတ်များအား ကျခံနိုင်စေရန် စည်းကြပ်သည့်အခွန်ကို ဆိုသည်။

(င) **ဝန်ဆောင်ခွန်**ဆိုသည်မှာ ရေခွန်၊ မီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်တို့နှင့် ကော်မတီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝန်ဆောင်ခွန်အဖြစ် ဖြည့်စွက်သတ်မှတ်သော အခွန်များကို ဆိုသည်။

(စ) **စီးပွားရေးလုပ်ငန်း**ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း သို့မဟုတ် ကုန်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းများ၏ သဘောသဘာဝ ပါဝင်သက်ရောက်မှုရှိသော လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုသည်။ (ယင်းစကားရပ်တွင် ငွေကြေးသက်သေခံလက်မှတ်များကို နှစ်တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းသဖွယ် အဖန်တလဲလဲ ဝယ်ယူခြင်း၊ လဲလှယ်၊ လွှဲပြောင်းခြင်းနှင့် အတိုးရရန် ရင်းနှီးမြှုပ်နှံခြင်း ပါဝင်သည်။)

(ဆ) **နှစ်စဉ်စံငှားရမ်းခတန်ဖိုး**ဆိုသည်မှာ ပစ္စည်းခွန်စည်းကြပ်မည့်မြေနှင့် အဆောက်အအုံကို မည်သည့်အသုံးအဆောင်ပရိဘောဂမျှမပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက်ရရှိနိုင်မည်ဟု မျှော်မှန်းထားသော တန်ဖိုးငွေ (Annual Value) ကို ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့်အဆောက်အအုံ၏ တန်ဖိုးအပေါ် ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအရ ရရှိလာမည့်တန်ဖိုးငွေလည်း ပါဝင်သည်။

(ဇ) **ကော်လိပ်တော်အရာရှိ**ဆိုသည်မှာ ကော်မတီမှရရန်ရှိသော အခွန်၊ အခ၊ အကောက်များကို အရကောက်ခံရန်တာဝန်ရှိသည့် ကော်မတီမှ ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသော အရာရှိကို ဆိုသည်။

၂။ ကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်သက်ဆိုင်သော အခွန်၊ အခနှင့် အခွန်အခနှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ ပြုနိုင်သည်။

၃။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အစိုးရဌာန၊ အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂလိကပိုင် မြေနှင့်အဆောက်အဦများ၊ ဟိုတယ်/မိုတယ်များနှင့် ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံများ အပေါ် ပစ္စည်းခွန် သတ်မှတ်စည်းကြပ်ကောက်ခံနိုင်သည်။

၄။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက ပိုင်ဆိုင်သည့် မြေ၊ အဆောက်အအုံတွင် လူနေထိုင်အသုံးပြုရန်ဖြစ်စေ၊ လုပ်ငန်းလုပ်ကိုင်ရန်ဖြစ်စေ အခကြေးငွေရယူပြီး ငှားရမ်းထားလျှင် ယင်းမြေ၊ အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ လက်ရှိနေထိုင်သူကိုဖြစ်စေ၊ အသုံးပြုသူကိုဖြစ်စေ ပစ္စည်းခွန်စည်းကြပ်နိုင်သည်။

၅။ ကော်မတီသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကပိုင်ဆိုင်သည့် မြေနှင့်အဆောက်အအုံအပေါ် အခွန်အခ စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်ညှိနှိုင်းပြီး စည်းကြပ်ကောက်ခံနိုင်သည်။

၆။ ကော်မတီသည် အောက်ပါအချက်များကို အခြေခံ၍ ပစ္စည်းခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်း ပြုရမည် -

(က) အထွေထွေခွန်ကို စည်းကြပ်ရာတွင် နှစ်စဉ်စံငှားရမ်းခတန်ဖိုး၏ (၁၀) ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရန်။

(ခ) ရေခွန်၊ မီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်စသည့် ဝန်ဆောင်ခွန်များစည်းကြပ်ရာတွင် ဝင်ငွေနှင့် အသုံးစရိတ်မျှတစေရန်။

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်။

(ဃ) အထွေထွေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်။

(င) အစိုးရက စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့်မြေတို့အပေါ် ပစ္စည်းခွန်ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့်မြေမှ ဝင်ငွေအားလုံး၏ (၅) ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရန်။

၇။ ကော်မတီသည် ပစ္စည်းခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ နှစ်စဉ်စံငှားရမ်းခ တန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

၈။ ကော်မတီသည် ပစ္စည်းခွန်ခွဲပုံစာရင်းအတည်ပြုပြီးနောက် အသစ်ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရန် နောက်ဆက်တွဲ ပစ္စည်းခွန်ခွဲပုံစာရင်း၌ ထည့်သွင်းဖော်ပြပြီး ယင်းအဆောက်အအုံအား ပစ္စည်းခွန်စည်းကြပ်နိုင်သည်။

၉။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အဦများအား ပစ္စည်းခွန်စည်းကြပ် ကောက်ခံနိုင်ရေးအတွက် စံငှားရမ်းခနှုန်းထားများ သတ်မှတ်ရာတွင် ပူးတွဲပါမြို့နယ်အတန်းအစားနှင့် အဆောက်အဦအမျိုးအစားအလိုက် (၁) စတုရန်းပေအပေါ်တွင် အခြေခံ၍ တွက်ချက်သတ်မှတ် ကောက်ခံ ရမည်။

၁၀။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် ပူးတွဲပါ မြို့နယ်အတန်းအစားနှင့် အဆောက်အဦ အမျိုးအစားအလိုက် (၁) စတုရန်းပေအပေါ်တွင် အခြေခံ၍ တွက်ချက်သတ်မှတ်နှုန်းထားများအား အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၁။ ကော်မတီသည် အောက်ပါတို့မှ စည်းကြပ်လိုက်သောအခွန်အခများကို နိုင်ငံခြားသုံးငွေနှင့် စံနှုန်း ထားသော မြန်မာကျပ်ငွေဖြင့် စည်းကြပ်ကောက်ခံနိုင်သည် -

(က) နိုင်ငံခြားသုံးငွေဖြင့် ငှားရမ်းခရယူ၍ အငှားချထားသော လူနေအိမ်ခန်း၊ မြေနှင့်အဆောက်အအုံများ။

(ခ) နိုင်ငံခြားသုံးငွေဖြင့် အခန်းခ၊ ဝန်ဆောင်ခရယူလျက်ရှိသော ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာ စသည့်အလားတူ အဆောက်အအုံများနှင့်မြေများ။

(ဂ) ရာခိုင်နှုန်းပြည့် နိုင်ငံခြားသုံးငွေရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများနှင့် သက်ဆိုင်သည့် မြေနှင့်အဆောက်အအုံများ။

၁၂။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဟိုတယ်/မိုတယ်များအား ဘဏ္ဍာရေးနှစ်အတွင်း အခန်းခရရှိငွေအပေါ် အောက်ပါသက်သာခွင့် (၃၄ %) တို့ကို နုတ်ပယ်၍ ကျန်ရှိသောအသားတင်ဝင်ငွေ (၆၆ %) အပေါ်တွင် (၄ %) ကို ပစ္စည်းခွန်အဖြစ် စည်းကြပ်ကောက်ခံရမည် -

| | |
|---|---|
| (က) ဝင်ငွေခွန် | ၁၀ % |
| (ခ) ကုန်သွယ်လုပ်ငန်းခွန် | ၁၀ % |

(ဂ) ဝန်ဆောင်ခ ၁၀ %

(ဃ) ဘဏ်ဝန်ဆောင်ခ ၄ %

(င) ပုဂ္ဂလိက/နိုင်ငံတော်အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ အမှန်တကယ်ပေးချေရသည့် ငှားရမ်းခများ (ရှိခဲ့လျှင်)

**၃၄ %**

၁၃။ ကော်မတီသည် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်း၊ အခွန်ထမ်းအမည်ပြောင်းလဲခြင်းတို့နှင့်စပ်လျဉ်း၍ ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း။

(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦး ပေးဆောင်ရန်ရှိသော အခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

(ဂ) ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းများနှင့်အတူ အခွန်ထမ်းအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါက အခွန်ထမ်းအမည် ပြောင်းလဲပြင်ဆင်သတ်မှတ်ပေးခြင်း။

၁၄။ ကော်မတီသည် ပစ္စည်းခွန်ကောက်ခံရန် သင့်လျော်သည့်ဝန်ထမ်း သို့မဟုတ် အဖွဲ့အစည်းအား တာဝန်ပေးအပ်နိုင်သည်။

၁၅။ ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသူသည် အခွန်ကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အခွန်ကြွေးကျန်များကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း။

(ခ) အပိုဒ်ခွဲ (က) ပါ ကိစ္စဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

၁၆။ ကော်မတီသည် -

(က) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူအကျိုးအတွက် အသုံးပြုသော သို့မဟုတ် ဘာသာရေးအတွက် အသုံးပြုသောမြေနှင့် အဆောက်အအုံများအပေါ်တွင်ဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ရပ်အတွက်ဖြစ်စေ အခွန်အခစည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အခွန်အခလျှော့ပေါ့၍ စည်းကြပ်ခြင်းပြုနိုင်သည်။

(ခ) သီးခြား အမိန့်၊ ညွှန်ကြားချက်တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်းမရှိလျှင် အောက်ဖော်ပြပါ မြေနှင့်အဆောက်အအုံများကို အများပြည်သူအကျိုးအတွက် အသုံးပြုသော သို့မဟုတ် ဘာသာရေးအတွက် သီးသန့်သုံးစွဲသည့် မြေနှင့်အဆောက်အအုံဖြစ်သည်ဟု မမှတ်ယူရ -

(၁) စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်ကိုင်သည့် မြေနှင့်အဆောက်အအုံများ။

(၂) ငှားရမ်းခကို အများပြည်သူအကျိုး/ဘာသာရေးအတွက် အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ငှားရမ်းခရရှိသည့် မြေနှင့်အဆောက်အအုံများ။

(ဂ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တရားရုံး၏အမိန့်အရ လူမွဲစာရင်းခံယူထားသူများအပေါ်တွင် စည်းကြပ်အခွန်အခများကို ၎င်းတို့တင်ပြမှုအပေါ် စိစစ်၍ လျှော့ပေးခြင်း သို့မဟုတ် ခေတ္တပယ်ဖျက်ခြင်း ဆောင်ရွက်နိုင်သည်။

၁၇။ ကော်မတီသည် ပစ္စည်းခွန်များကို ဘဏ္ဍာရေးနှစ်အတွက် (၁) ကြိမ်သာ စည်းကြပ်ကောက်ခံပြီး သတ်မှတ်သည့်ကာလ သို့မဟုတ် သတ်မှတ်သောဘဏ္ဍာရေးနှစ်အတွင်း ကောက်ခံမရရှိပါက ပစ္စည်းခွန်ကြွေးကျန် စာရင်းအဖြစ် သတ်မှတ်ရမည်။

၁၈။ ကော်မတီသည် ကောက်ခံ၍မရနိုင်သော ပစ္စည်းခွန်များနှင့်ပတ်သက်၍ ပယ်ဖျက်ရန်လိုအပ်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ပယ်ဖျက်နိုင်သည်။

၁၉။ ကော်မတီသည် လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

၂၀။ ယခင်ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်အမှတ် (၃၆/၂၀၁၆) အား ဤကြေညာချက်ဖြင့် လွှမ်းမိုး ပယ်ဖျက်သည်။

မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ရာပြတ်ဌာန**
**မြို့နယ်အတန်းအစားသတ်မှတ်ချက်**

| စဉ် | မြို့နယ် | အတန်းအစား | မှတ်ချက် |
|---|---|---|---|
| ၁ | ဇမ္ဗူသီရိ | ပထမတန်းစား | |
| ၂ | ဥတ္တရသီရိ | | |
| ၃ | ပျဉ်းမနား | ဒုတိယတန်းစား | |
| ၄ | ပုဗ္ဗသီရိ (ပျဉ်းမနားမြို့မှခွဲထွက်သော ပေါင်းလောင်း ၂/၃) | | |
| ၅ | တပ်ကုန်း | | |
| ၆ | လယ်ဝေး | | |
| ၇ | ဒက္ခိဏသီရိ | | |
| ၈ | ပုဗ္ဗသီရိ (ဝန်ထမ်းများအား ချထားပေးသည့် မြေကွက်များရှိသော ရပ်ကွက်များ) | တတိယတန်းစား | |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## ရာပြတ်ဌာန
## အဆောက်အဦအမျိုးအစားအလိုက် (၁) စတုရန်းပေ တန်ဖိုးများ

| စဉ် | ဆ/ဦ အမျိုးအစား | ပထမတန်းစား | | | ဒုတိယတန်းစား | | | တတိယတန်းစား | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | လမ်းမကြီး | လမ်းကျယ် | လမ်းကျဉ်း | လမ်းမကြီး | လမ်းကျယ် | လမ်းကျဉ်း | လမ်းမကြီး | လမ်းကျယ် | လမ်းကျဉ်း | |
| ၁ | မြေစိုက် | ၅၀၀ | ၄၅၀ | ၄၀၀ | ၄၅၀ | ၄၀၀ | ၃၅၀ | ၄၀၀ | ၃၅၀ | ၃၀၀ | |
| ၂ | ထရံ | ၅၅၀ | ၅၀၀ | ၄၅၀ | ၅၀၀ | ၄၅၀ | ၄၀၀ | ၄၅၀ | ၄၀၀ | ၃၅၀ | |
| ၃ | ပျဉ် | ၇၅၀ | ၇၀၀ | ၆၅၀ | ၇၀၀ | ၆၅၀ | ၆၀၀ | ၆၅၀ | ၆၀၀ | ၅၅၀ | |
| ၄ | နံကပ် | ၉၅၀ | ၉၀၀ | ၈၅၀ | ၉၀၀ | ၈၅၀ | ၈၀၀ | ၈၅၀ | ၈၀၀ | ၇၅၀ | |
| ၅ | အာရ်စီ | ၁၁၀၀ | ၁၀၅၀ | ၁၀၀၀ | ၁၀၅၀ | ၁၀၀၀ | ၉၅၀ | ၁၀၀၀ | ၉၅၀ | ၉၀၀ | |

ရှင်းလင်းချက်။
(၁) တစ်နှစ်စံငှားရမ်းခ = ဆ/ဦ ဧရိယာ × (၁) စတုရန်းပေနှုန်း × ၆ %
(၂) တစ်နှစ်ပစ္စည်းခွန် = တစ်နှစ်စံငှားရမ်းခ × ၈ %
(၃) ဓာတ်လှေကားမပါသော ဆ/ဦများ အပေါ် (၁) ထပ်တက်တိုင်း ၂၀ % လျော့ရန် (၁ ထပ်မှ ၅ ထပ်ထိ ၅ ထပ်အထက် (၅) ထပ်နှုန်းအတိုင်း ထည့်တွက်ရန်)
(၄) ဓာတ်လှေကားပါရှိသော ဆ/ဦများကို မြေညီထပ်ဧရိယာအတိုင်း အထပ်အလိုက် မြှောက်ရန်
(၅) တစ်နှစ်စံငှားရမ်းခတန်ဖိုးအား ရာအတိ ဂဏန်းဖြတ်ရန်
(၆) ပစ္စည်းခွန် = တစ်နှစ်စံငှားရမ်းခ၏ ၈ %
(၇) အထွေထွေခွန် = ၃ %
(၈) လမ်းမီးခွန် = ၂ %
(၉) အမှိုက်နှင့်အညစ်အကြေးခွန် = ၃ %

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ရာပြတ်ဌာန**

**အဆောက်အဦအမျိုးအစားအလိုက် (၁) စတုရန်းပေ တန်ဖိုးများ (စီးပွားရေး)**

| စဉ် | ဆ/ဦ အမျိုးအစား | ပထမတန်းစား | ဒုတိယတန်းစား | တတိယတန်းစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အာရ်စီ/တိုက် | ၁၈၀၀ | ၁၆၀၀ | ၁၄၀၀ | |
| ၂ | နံကပ်/အုတ် | ၁၂၀၀ | ၁၁၀၀ | ၁၀၀၀ | |

**ရှင်းလင်းချက်**

(၁) အဆောက်အဦတစ်ခုလုံးတွင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်နေသည့် အဆောက်အဦများကိုသာ စီးပွားရေးလုပ်ငန်းအဆောက်အဦနှုန်းထားဖြင့် တွက်ချက်ရန် (ဥပမာ- ဘဏ်၊ တည်းခိုခန်း၊ စူပါမားကက်)

(၂) တစ်နှစ်စံငှားရမ်းခ = ဆ/ဦ ဧရိယာ × (၁) စတုရန်းပေနှုန်း × ၆ %

(၃) တစ်နှစ်ပစ္စည်းခွန် = တစ်နှစ်စံငှားရမ်းခ × ၅ %

ဓာတ်လှေကားမပါသော ဆ/ဦများ အပေါ် (၁) ထပ်တက်တိုင်း ၂၀ % လျှော့ရန်

(၄) (၁ ထပ်မှ ၅ ထပ်ထိ ၅ ထပ်အထက် (၅) ထပ်နှုန်းအတိုင်း ထည့်တွက်ရန်)

ဓာတ်လှေကားပါရှိသော ဆ/ဦများကို မြေညီထပ်ဧရိယာအတိုင်း

(၅) အထပ်အလိုက် မြှောက်ရန်

(၆) တစ်နှစ်စံငှားရမ်းခတန်ဖိုးအား ရာအတိ ဂဏန်းဖြတ်ရန်

(၇) ပစ္စည်းခွန် = တစ်နှစ်စံငှားရမ်းခ၏ ၅ %

(၈) အထွေထွေခွန် = ၃ %

(၉) လမ်းမီးခွန် = ၂ %

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် ( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## ပြည်သူ့လွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေကိုအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ အပိုဒ် ၈၇ အရ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် နံနက်ပိုင်းမှ ဒီဇင်ဘာလ ၃၀ ရက် ညနေပိုင်းထိ လုပ်သက်ခွင့် (၂) ရက် ခံစားခွင့်ပြုကြောင်းနှင့် ခွင့်ခံစားနေစဉ်ကာလအတွင်း ဌာနချုပ်မှ ထွက်ခွာခွင့်ပြုလိုက်သည်။

၂။ အထက်ပါ ခွင့်နှင့်တစ်ဆက်တည်းဖြစ်သော ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် (စနေနေ့) နှင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် (တနင်္ဂနွေနေ့) ရုံးပိတ်ရက်များကို ပူးတွဲခံစားခွင့်ပြုလိုက်သည်။

၃။ ခွင့်မှပြန်လာသောအခါ ဦးရွှေကိုအား လက်ထောက်ညွှန်ကြားရေးမှူး၏ တာဝန်များကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် ပြန်လည်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇)

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် )

### လွှဲပြောင်းပေးပို့ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်စွဲပါစာအမှတ်၊ ၁/၄၁၅-ပြောင်းရွှေ့/အဖရ (၂၀၁၇) အရ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) မှ အတည်ပြုပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်းအား လစာနှုန်းတူ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် နံနက်ပိုင်းမှစ၍ လွှဲပြောင်းပေးလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## အမျိုးသားလွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )

အမျိုးသားလွှတ်တော်ရုံးတွင် အစမ်းခန့်ထားခဲ့သော ဦးစီးအရာရှိ ဒေါ်သီသီစမ်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
## အမိန့်ကြော်ငြာစာအမှတ် ၁၆၈/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

**လစာမဲ့ခွင့်ခံစားခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲခုံရုံးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းထွန်းဦးအား မြန်မာနိုင်ငံခွင့်ပေးရေး နည်းဥပဒေ ၁၅၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၉၆ တို့အရ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ညနေပိုင်းအထိ လစာမဲ့ခွင့် (၄၅) ရက်ကို ခံစားခွင့်ပြုလိုက်သည်။

၂။ ဒေါက်တာထွန်းထွန်းဦးအား ခွင့်စေ့ရောက်သည့်နေ့၏ နောက်တစ်နေ့ နံနက်ပိုင်းမှစ၍ မူလတာဝန် ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာ (၁/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ (ဂ) ရပ်ကွက်၊ အကွက်အမှတ်/ အမည် - ၈၆၁ $^{ယ-၃}$/အောင်ပင်လယ်၊ မြေကွက်အမှတ်- $F^{၁၄}$ မှ မြေဧရိယာ **(၀. ၃၀၃) ဧက၊** မြေကွက် အမှတ် - $F^{၁၇}$ မှ မြေဧရိယာ **(၁၄. ၉၈၀) ဧက၊ စုစုပေါင်းမြေဧရိယာ (၁၅. ၂၈၃) ဧက**အား ပညာရေး ဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ **"အခြေခံပညာအထက်တန်းကျောင်း (ယင်းမာပင်မြို့)"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၂ (ဂ) အရ အခွန်လွတ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် ( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## <u>အပိုင်း ၄</u>

**သီဟထွန်းနှင့် ညီအစ်ကိုများ ကျောက်မျက် ကုမ္ပဏီလီမိတက်**

**(THIHA TUN & BROTHERS GEMS COMPANY LIMITED) အား**

**အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်**

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | (၁၀-၃-၂၀၁၇) |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (ဒီ-၂)၊ သာယာရွှေပြည်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**စီးပွား ပန်းတိုင် ကုမ္ပဏီလီမိတက်**
**(SIIPWAR PANTAING COMPANY LIMITED) အား**
**အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်**
**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - (၁၀-၃-၂၀၁၇)
ကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ
ကျင်းပမည့်နေရာ - အမှတ် (၂၃၂)၊ မြေညီထပ်၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ဂျိုးရတနာ စက်မှုထုတ်လုပ်မှု ကုမ္ပဏီလီမိတက်**
**(JOE YADANAR INDUSTRIAL COMPANY LIMITED) အား**
**အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်**
**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - (၁၀-၃-၂၀၁၇)
ကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ
ကျင်းပမည့်နေရာ - အမှတ် (၂၈၈/၂၉၀)၊ အခန်း (၉၀၄)၊ အမ်ဒဗလျူအီးအေတာဝါ၊ ရွှေတိဂုံဘုရားလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ယူနီကွန်း အင်တာပရိုက် (စ်) လီမိတက်**

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extraordinary Resolution) အရ **ယူနီကွန်းအင်တာပရိုက်(စ်) လီမိတက် (UNICORN ENTERPRISES LIMITED)** ကို (၁၀) ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမင်းလွင်ထူး အထက်တန်းရှေ့နေ (၂၁၂၉၆) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Myo Aung
Managing Director
Unicorn Enterprises Ltd.

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဥ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ-၂၀၈ (င)

**ကမ္ဘာ့-တင်းပုတ်လုပ်ငန်းများ ကုမ္ပဏီလီမိတက်**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

**ကမ္ဘာ့-တင်းပုတ်လုပ်ငန်းများ ကုမ္ပဏီလီမိတက်** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈(င)အရ နောက်ဆုံးအစည်းအဝေးကို အမှတ်-၉၃၊ (၁၆) လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၌ (၂၀. ၃. ၂၀၁၇) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည် ဖြစ်ပါသည်။

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ကမ္ဘာ့-တင်းပုတ်လုပ်ငန်းများ ကုမ္ပဏီလီမိတက်

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ

**ဂန်းနန်းဂျေအီး အင်ဂျင်နီးယားရင်း ကုမ္ပဏီလီမိတက်**

**(Kang Nam Jaeil Engineering Company Limited)**

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**ဂန်းနန်းဂျေအီး အင်ဂျင်နီးယားရင်း ကုမ္ပဏီလီမိတက် (Kang Nam Jaeil Engineering Company Limited)** ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအရပ်ရပ်အထွေထွေ အစည်းအဝေးကြီးအား ကုမ္ပဏီ၏ရုံးခန်းလိပ်စာဖြစ်သော အမှတ် - (၁၄၄/စီ)၊ စံပါယ်လမ်း၊ ထန်းပင်ကုန်း ရပ်ကွက်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၆-၃-၂၀၁၇) နေ့လယ် (၁း၀၀) နာရီ၌ ကျင်းပမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ အစုရှယ်ယာရှင်အားလုံး တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု (ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ

**ကယ်တင်ရှင် နတ်မိမယ် အင်တာနေရှင်နယ် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(Ark Angel International Trading Company Limited)**

**အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများ တောင်းခံရန်သတိပေးခြင်း**

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလိုဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၁၆-၃-၂၀၁၇) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးစိုးမြင့်သန်း
မန်နေးဂျင်းဒါရိုက်တာ
ကယ်တင်ရှင် နတ်မိမယ် အင်တာနေရှင်နယ်
ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု (ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

**ဟိဏ်းဆုမြတ် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(HEIN SU MYAT TRADING COMPANY LIMITED)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက် ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ဟိဏ်းဆုမြတ် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်** အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးပါပိုဂနီဆန် [B.A (English) R.L,Advocate (Registration No.4647)]၊ တိုက်အမှတ်-စီ ၁၊ အခန်းအမှတ်-၀၀၅၊ နှင်းဆီလမ်း၊ ယုဇနပိုင်းဝေးကွန်းပလက်စ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့အား ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ပေးရန်ရှိသည်များကို (၁၆-၃-၂၀၁၇) နေ့ထက်နောက်မကျဘဲ ဖော်ပြပါတရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာ အပ်သည်။

ဦးလွင်မောင်သန်း
မန်နေးဂျင်းဒါရိုက်တာ
ဟိဏ်းဆုမြတ် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

ဦးပါပိုဂနီဆန်
U Papo Ganesan
[B.A. (English),R.L.]
Advocate (Registration No.4647)
Khin Su Htay & Associates
Liquidator

**TRINITY TREASURE CO., LTD.**

ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **TRINITY TREASURE CO., LTD.** ကို အစုရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေ အရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

U Myo Myint Soe
Managing Director
Trinity Treasure Co.,Ltd.

ဦးဇင်ဝေ
[B.Com, C.P.A (210)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## GOMAX GLOBAL COMPANY LIMITED

အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၀၈ (င) အရ
အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်များ၏ အပြီးသတ်နောက်ဆုံး အစည်းအဝေးကို (၁၀. ၃. ၂၀၁၇) နံနက် ၁၁း၀၀ နာရီတွင် အမှတ် (၁၉/အေ)၊ ပဒုမ္မာလမ်း၊ ပြည်အရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ရှင်းလင်းဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးဆန်းထွန်း
[၁၂/သလန (နိုင်) ၀၃၃၂၅၉]
လက်မှတ်ရပြည်သူ့စာရင်းကိုင်

## E.SUN Commercial Bank Limited (Yangon Representative Office)
## Notice for Commencement of Winding Up &
## Notice to Creditors

Consequent on the upgrading of the Yangon Representative Office, to operate as a branch in the Republic of the Union of Myanmar, under the Central Bank of Myanmar's licence to operate as such, the Yangon Representative Office was closed down and its affairs are being wound up with effect from 30th December, 2016 as per resolution of the Head Office.

All persons claiming to be creditors of the Yangon Representative Office as at 30th December, 2016 are therefore requested to submit their claim or claims, with documentary evidence to the undersigned at No.64 (B), (1st Floor), Komin Kochin Road, Bahan Township, Yangon within one month of the date of publication of this notice.

Maung Maung Aung
Attorney & Liquidator
E.Sun Commercial Bank Limited
(Yangon Representative Office in Liquidation)

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၁၇-၂-၂၀၁၇။